ရှုထုစိန်ဝင်း

# အိုက်ဒီယော်လော်ဂျီဓာတ် မကုန်ပါဘူး



"ကွန်မြူနစ်နဲ့ ဆိုရှယ်လစ်ကွဲလို့၊ ဖဆပလ ကွဲလို့ ပြည်တွင်းစစ်ဖြစ်တာ မဟုတ်ပါဘူး။ နိုင်ငံရေးရင့်ကျက်မှု အားနည်းပြီး ငါစွဲတွေ လွန်ကဲလို့ ဖြစ်ရတာလို့ ထင်ပါတယ်။ နိုင်ငံရေး ရင့်ကျက်ဖို့အတွက် အိုက်ဒီယော် လော်ဂျီတွေကို ကောင်းကောင်း ကျေညက်ဖို့ လိုတယ် ..."

ဒီ လေး ငါးလအတွင်း ဂျာနယ်တွေဖတ်ရတာ အရင်ကလို ငါးရှဉ့်နဲ့ ကဏန်းအကြောင်းလောက် မဟုတ်တော့လို့ ပျင်းစရာ မကောင်းတော့ဘူး။ လူတွေအကြောင်း နိုင်ငံရေးအကြောင်းတွေ သူ့ထက်ငါ အပြိုင်အဆိုင် ရေးလာကြလို့ လှုပ်ရှား သက်ဝင်ဖြစ်ပြီး ဖတ်ကောင်း လာတယ်။ ရေးဖြစ်ပေါင်း အောက်မေ့ဖွယ် ဆိုသလို ငယ်ဘဝကို ပြန်တမ်းတ လွမ်းဆွတ်မိတယ်။

## မကောင်းလည်း ဖတ်ရတယ်

ဖတ်ကောင်းတာ ကိစ္စမရှိဘူး။ ပိုက်ဆံတော့ တော်တော်ကုန်တယ်။ ဘိန်းစွဲသလိုစွဲပြီး မဖတ်ရမနေနိုင်တော့ အသစ် မပါသလောက် ဖြစ်ပြီး အဟောင်းတွေချည်း ပြန်ထည့်ထားတဲ့ ဂျာနယ်မျိုးလည်း ဝယ်ဖတ်ရတာကိုး။ သတင်းသမားဆိုတာ ကြိုက်လည်း ဖတ်၊ မကြိုက်လည်း ဖတ်ရ ပါတယ်။ မကောင်းမှန်းသိပေမယ့်လည်း ဒီတပတ် ဘယ်လိုမကောင်းတာလည်းဆိုတာ သိထား သင့်ပါတယ်။

## ရန်/ငါ ပြတ်လို့သာ

ကလိမ်ကကျစ်လုပ်တဲ့ နိုင်ငံရေးသမားနဲ့ ပုတ်သင်ညို နိုင်ငံရေးသမား မရှိမဟုတ်ပါဘူး။ ရှေးက ရှိသလို အခုလည်း ရှိနေတာပါပဲ။ ဒါပေမယ့် နယ်ချဲ့တွေနဲ့ ဖက်ဆစ်တွေကို မစေ့စပ်တမ်း ရန်/ငါ မျဉ်း ပြတ်ပြတ်နဲ့ တိုက်ခိုက်ခဲ့ကြ သူတွေလည်း သိန်းနဲ့ သန်းနဲ့ချီ ရှိခဲ့ပါတယ်။ ရဲဘော်သုံးကျိပ်ဝင် အားလုံးဟာ နိုင်ငံရေးသမား တွေပါ။ ဖဆပလ ဆိုတဲ့အဖွဲ့ကြီး နစ်ခြမ်းကွဲသွားခဲ့တာ အမှန်ပါပဲ။ ဒါပေမယ့် ဖဆပလ ဆိုတဲ့ ပြည်သူတရပ်လုံး ပူးပေါင်းပါဝင်တဲ့ နယ်ချဲ့နဲ့ ဖက်ဆစ် တော်လှန်ရေး တပ်ပေါင်းစုကြီးကြောင့် နယ်ချဲ့သမားတွေနဲ့ ဖက်ဆစ်တွေကို အောင်နိုင်ခဲ့ကြတယ်ဆိုတာ မေ့ဖျောက်မပစ်သင့်ပါဘူး။

## ပူးပေါင်းလုပ်နည်း (၂ ) နည်း

နိုင်ငံရေးပါတီတခု ထူထောင်တယ်ဆိုတာ လာရာအရပ် မတူကြတဲ့ အလွှာပေါင်းစုံက လူတွေ ပူးပေါင်း ဖွဲ့စည်းထားရတာ ဖြစ်တယ်။ လူတွေဟာ မူလ ဇီဇ နောက်ခံဘဝတွေ မတူကြတာနဲ့အမျှ အတွေးအခေါ် အယူအဆတွေ မတူနိုင်ကြပါဘူး။ အဲဒီလို မ

တူတဲ့ သူတွေ အချင်းချင်း အတူတကွ ပူးပေါင်း လုပ်ဆောင်နိုင်ဖို့အတွက် နည်းလမ်း ၂ မျိုးသုံးကြပါတယ်။ *ပထမ နည်းက တူညီတဲ့ ဘုံ ရပ်တည်ချက်တခု ရှာပြီး ဘုံ သဘောတူညီချက်တခုနဲ့ ပူးပေါင်း လုပ်ဆောင်ခြင်း ဖြစ်တယ်။ အဲဒီအချိန်မှာ တဦးချင်း အယူအဆတွေကို ရှေ့တန်းမတင်ဘဲ ဘုံ သဘောတူတာကို လုပ်ကြဖို့ ဖြစ်တယ်။ နောက်တနည်းကတော့ အယူအဆတခု 'အိုက်ဒီယော်လော်ဂျီ' တခုကို သက်ဝင် ယုံကြည်ကြသူတွေ အချင်းချင်း ပေါင်းစည်း လုပ်ကိုင်ခြင်း ဖြစ်တယ်။ ကွန်မြူနစ် ပါတီ၊ ဆိုရှယ်လစ် ပါတီ၊ ဒီမိုကရေစီ ပါတီ စတာမျိုးတွေ ဖြစ်တယ်။*

## ပါတီမှန်ရင် ဝါဒရှိရမယ်

နိုင်ငံရေး ပါတီဆိုတာ 'အိုက်ဒီယော်လော်ဂျီ' တခုတော့ ရှိကိုရှိရပါတယ်။ အရင်းရှင်စနစ် အိုင်ဒီယော်လော်ဂျီ ဖြစ်ဖြစ်၊ ဆိုရှယ် ဒီမိုကရက် ဖြစ်ဖြစ်၊ ဆိုရှယ်လစ် ကွန်မြူနစ် ဖြစ်ဖြစ်၊ အစိုးရ အရင်းရှင်စနစ် ဖြစ်ဖြစ်၊ အစ္စလာမ်မစ် ဖြစ်ဖြစ်၊ ခရစ်ယာန် ဒီမိုကရက် ဖြစ်ဖြစ် အယူဝါဒတခု အပေါ်မှာ တည်ဆောက်ရ ပါတယ်။ အိုက်ဒီယော်လော်ဂျီပေါ်မှာ မတည်ဆောက်ဘဲနဲ့ နောက်ခံ ဘဝ အမျိုးမျိုးက ယုံကြည်မှု အသီးသီးနဲ့ လာတဲ့ လူတွေဟာ ဘယ်လိုလုပ်ပြီး အတူတကွ ပူးပေါင်း လုပ်ကိုင် နိုင်ကြမှာလဲ။ အိုက်ဒီယော်လော်ဂျီ မရှိရင် မျက်မမြင် လှမ်းလျှောက်သလို ဖြစ်မှာပါ။ ဟိုတိုး ဒီတိုးနဲ့ လိုရာခရီး မရောက်နိုင်ပါဘူး။ နိုင်ငံရေး လုပ်မယ်ဆိုရင် အိုက်ဒီယော်လော်ဂျီ ရှိကို ရှိရပါတယ်။

## တရွှေ့အခြောက်ခံရသူတွေ

အိုက်ဒီယော်လော်ဂျီ ခေတ်ကုန်ဆုံးပြီလို့ ဟောနေကြသူတွေက ကွန်မြူနစ် တရွှေ့အခြောက်ခံရတဲ့ ကွန်မြူနစ်ဟောင်း တချို့နဲ့ လစ်ဘရယ် ဒီမိုကရက် တချို့ ဖြစ်ကြတယ်။ အိုင်ဒီယော်လော်ဂျီပဲ ခေါ်ခေါ်၊ ဝါဒပဲ ခေါ်ခေါ်၊ သဘောတရားပဲ ခေါ်ခေါ် ဘယ်လိုပဲ ခေါ်ခေါ် အိုက်ဒီယော် လော်ဂျီဆိုတာ ကွန်မြူနစ်၊ ဆိုရှယ်လစ် သဘောတရားတွေကိုသာ ပြောတာ မဟုတ်ပါဘူး။ အဒမ်စမစ်တို့၊ ဂျွန်မေးနဒ်ကိန်းတို့ရဲ့ စီးပွားရေး အယူအဆတွေဟာလည်း အိုက်ဒီယော် လော်ဂျီပါပဲ။ သမ္မတ ရေဂန်တို့၊ ဗြိတိသျှ ဝန်ကြီးချုပ် မာဂရက် သက်ချာတို့ရဲ့ စီးပွားရေး၊ နိုင်ငံရေး အယူအဆတွေလည်း အိုင်ဒီယော် လော်ဂျီတွေ ပါပဲ။ ဒါကြောင့် ရေဂန့် အိုက်ဒီယာတွေကို 'ရေဂန်နောမစ်' (Reaganomic) လို့တောင် ခေါ်ခဲ့ ကြပါတယ်။ မာဂရက် သက်ချာရဲ့ အိုက်ဒီယာတွေကိုလည်း 'သက်ချာဝါဒ' (Thatcherism) လို့ ခေါ်ခဲ့ ကြပါတယ်။

## အိုက်ဒီယာ ချွတ်ခြုံကျသူသာ ရှိတယ်

ဘယ်ခေတ် ဘယ်စနစ်မှာ ဖြစ်ဖြစ် နိုင်ငံရေးနဲ့ နိုင်ငံရေး ပါတီဆိုတာ ရှိနေသရွေ့ အိုက်ဒီယော် လော်ဂျီ ရှိနေမှာသာ ဖြစ်တယ်။ ခေတ်တွေ ပြောင်းရင် အိုက်ဒီယာတွေလည်း လိုက်ပြောင်းမှာပဲ။ ဒါ သဘာဝ ဖြစ်တယ်။ အိုက်ဒီယော် လော်ဂျီက တခုမဟုတ် တခု ရှိနေမှာ ဖြစ်တယ်။ အိုက်ဒီယော် လော်ဂျီ မရှိတဲ့လူသာ ရှိတယ်။ အိုက်ဒီယော် လော်ဂျီ မရှိတဲ့ ခေတ်ဆိုတာ လုံးဝ မရှိနိုင်ဘူး။ အိုက်ဒီယော် လော်ဂျီက ချွတ်ခြုံ ကျပြီး ပျောက်ကွယ်သွားတယ်ဆိုတာ လုံးဝ မရှိဘူး။ ခေတ်တွေ ပြောင်းလဲ တိုးတက်တာနဲ့ အမျှ လူသားတွေရဲ့ အတွေးအခေါ် အယူအဆတွေလည်း ပြောင်းလဲ တိုးတက်ပြီး အိုက်ဒီယော် လော်ဂျီ အသစ် အသစ်တွေ ပေါ်ထွက်လာမှာပဲ ဖြစ်တယ်။ ဒါဟာ သိပ္ပံနည်းကျ အယူအဆဖြစ်သလို သဘာဝတ္တဗေဒအရလည်း သဘာဝကျတဲ့ အယူအဆ ဖြစ်တယ်။ ဘယ်ခေတ် ဘယ်စနစ်မှာ ဖြစ်ဖြစ်၊ ဘယ်နိုင်ငံ ဘယ်လူမျိုးမှာ ဖြစ်ဖြစ်၊ နိုင်ငံရေးကို အိုက်ဒီယော် လော်ဂျီကသာ ဆက်ပြီး ဦးဆောင်နေမှာ ဖြစ်ပါတယ်။

## မကွဲမှ ထူးဆန်းတာ

နိုင်ငံရေးဆိုတာ အိုက်ဒီယာတွေကို အခြေခံပြီး လုပ်ကြတာဖြစ်တော့ တယောက်နဲ့တယောက် အိုက်ဒီယာ မတူလို့ သဘောကွဲကြတယ်ဆိုတာ အဆန်း မဟုတ်ဘူး။ မကွဲဘဲနဲ့ အားလုံး တသွေးတသံတည်း ဖြစ်နေတာကမှ ထူးဆန်းတာ။ အလွှာပေါင်းစုံက ရောက်လာတဲ့ လူတွေနဲ့ ပူးပေါင်း ဖွဲ့စည်းထားတာ၊ ဘယ်လိုနည်းနဲ့မှ အတွေးအခေါ်တွေ တထပ်တည်း ကျတာ မဖြစ်နိုင်ဘူး။ အတွေးချင်း၊ အမြင်ချင်း၊ သဘောပေါက်ပုံချင်း၊ အဓိပ္ပာယ်ကောက်ပုံချင်း အနည်းနဲ့အများတော့ ကွဲပြားခြားနားမှု ရှိကြမှာ ချည်းပဲ။ ဒါပေမယ့် သဘောထားချင်း မတူတာနဲ့ ရန်သူဖြစ်သွားကြတာမှ မဟုတ်တာ။ အခြေခံ သဘောတရားတွေ တူညီကြတယ်၊

ရည်မှန်းချက် ပန်းတိုင်းချင်း တူကြတယ်ဆိုရင် အတူတွဲပြီး ဆက်လုပ်လို့ ရပါတယ်။ အတ္တအကျိုးစီးပွားကို အလွန်အမင်း ရှေ့တန်း မတင်ကြရင် သဘောမတူကြလည်း ဘယ်တော့မှ ရန် မဖြစ်ပါဘူး။ အတ္တလွန်ကဲလို့ ရန်ဖြစ်ကြတာပါ။

## ဂိုဏ်းတွေစုထားတဲ့ ပါတီ

ဂျပန်နိုင်ငံမှာ နှစ်ပေါင်း ၅၀ ကျော် ၆၀ လောက် အာဏာ ရယူထားနိုင်ခဲ့တဲ့ LDP ပါတီကြီးဆိုရင် ဂိုဏ်းအုပ်စုတွေ အများကြီးနဲ့ တည်ဆောက်ထားတာ ဖြစ်တယ်။ သူ့ဂိုဏ်း ငါ့ဂိုဏ်း အသာစီးရဖို့ နေ့တိုင်း ယှဉ်ပြိုင် နေကြရတယ်။ ဒါပေမယ့် ရှေးရိုးစွဲ အယူအဆတွေ ကိုင်စွဲတာချင်း၊ စီးပွားရေး လုပ်ငန်းကြီးတွေကို အကာအကွယ်ပေးတဲ့ အယူအဆချင်း တူနေကြတော့ လက်တွဲ ပူးပေါင်းနေနိုင်၊ လုပ်နိုင် ခဲ့ကြတယ်။ အရေးကြီးတာက 'ငါနဲ့ မတူ ငါ့ ရန်သူ' ဆိုတဲ့ အစွဲကြီး ချွတ်နိုင်ဖို့ ဖြစ်တယ်။ အယူအဆ မတူတာတွေကို သည်းခံ တတ်မှ သဘောထား ကွဲ တာတွေကို ကြည်ကြည် ဖြူဖြူ လက်ခံနိုင်မှ ရင့်ကျက်တဲ့ နိုင်ငံရေးသမားလို့ ခေါ်နိုင်ပါတယ်။

## နိုင်ငံရေး ရင့်ကျက်ဖို့လို

နိုင်ငံရေးမှာ သဘောထား ကွဲမှုဆိုတာ ရှိမြဲပဲ။ ရှေးက ရှိသလို အခုလည်း ရှိတာပဲ။ ကမ္ဘာမှာ ရှိသလို မြန်မာမှာလည်း ရှိတာပဲ။ အဆန်း မဟုတ်ပါဘူး။ ဝံသာနုခေတ်က ကွဲခဲ့သလို ဂျီစီဘီအေလည်း ကွဲခဲ့တာပဲ။ ဒို့ဗမာ အစည်းအရုံးလည်း ကွဲတာပဲ။ ရဲဘော်သုံးကျိပ်လည်း ကွဲ တာပဲ။ ကွန်မြူနစ်တွေ ကွဲသလို ဆိုရှယ်လစ်တွေလည်း ကွဲတာပဲ။ ဖဆပလလည်း ကွဲတာပဲ။ ကွန်မြူနစ်နဲ့ ဆိုရှယ်လစ် ကွဲလို့၊ ဖဆပလ ကွဲလို့ ပြည်တွင်းစစ် ဖြစ်တာ မဟုတ်ပါဘူး။ နိုင်ငံရေးရင့်ကျက်မှု အားနည်းပြီး ငါစွဲတွေ လွန်ကဲလို့ ဖြစ်ရတာလို့ ထင်ပါတယ်။

နိုင်ငံရေး ရင့်ကျက်ဖို့အတွက် ဒိုက်ဒီယော် လော်ဂျီတွေကို ကောင်းကောင်း ကျေညက်ဖို့လိုတယ်။ ကျေညက်ဖို့ ကျမ်းရင်း ကျမ်းခိုင်တွေ ဖတ်ရပါမယ်။ ဒိုက်ဒီယော် လော်ဂျီခေတ် မကုန်ပါဘူး။ ဒိုက်ဒီယော် လော်ဂျီဆိုတာ ချွတ်ခြုံကျပြီး ကွယ်ပျောက်သွားရိုးမှ မရှိတာ၊ ဒိုက်ဒီယော် လော်ဂျီ ချွတ်ခြုံကျတဲ့ သူမျိုးသာ ရှိပါတယ်။ ။

သစ္စာ သတင်းဂျာနယ်
အတွဲ ၂၊ အမှတ် ၁၀၊ ၂၀ အောက်တိုဘာ ၂၀၀၉၊ အင်္ဂါနေ့ထုတ်.. မှ။